# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

## ၂၀၀၁ ခုနှစ်၊ ရွှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ
အမှတ် ၃/ ၂၀၀၃)

၁၃၆၄ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၀၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၂၀၀၁ ခုနှစ်၊ ရွှေ့နေချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၂၀၀၁ ခုနှစ်၊ ရွှေ့နေချုပ်ဥပဒေတွင် —

(က) ပုဒ်မ ၂ ၌ပါရှိသော "ဒုတိယရွှေ့နေချုပ်တစ်ဦး" ဆိုသည့် စကားရပ်ကို "ဒုတိယရွှေ့နေချုပ်သုံးဦး" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၄၊ ပုဒ်မခွဲ (က) ၌ပါရှိသော "ဒုတိယရွှေ့နေချုပ်၏" ဆိုသည့် စကားရပ်ကို "ဒုတိယရွှေ့နေချုပ်တစ်ဦးစီ၏" ဆိုသည့်စကားရပ် ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ